## ၇။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော သတိပြုရမည့်အချက်များ

စတုတ္ထတန်း အနုပညာ(ပန်းချီ)ဘာသာရပ် စာသင်ချိန်အသီးသီးရှိ သင်ယူမှုဦးတည်ချက်များ ပေါက်မြောက်မှု ရှိ မရှိကို Rubric ပုံစံဖြင့် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းတို့ကို စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပါသည်။ ရုပ်ပုံများရေးဆွဲရာတွင် မျဉ်းကြောင်းကို ပြေပြစ်ချောမွေ့စွာ ရေးဆွဲနိုင်မှု၊ ကိရိယာများကို စနစ်တကျမှန်ကန်စွာ အသုံးပြု၍ လက်မှုပစ္စည်းများကို ပြုလုပ်နိုင်မှုသည် ကျွမ်းကျင်မှုအပိုင်းကို စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ မိမိတို့ ကိုယ်တိုင်ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ စဉ်းစား၍ ဖန်တီးထားသည်ကို ရှင်းပြနိုင်ခြင်းသည် စိတ်ကူးအတွေးအမြင်ပိုင်းကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ သင်ခန်းစာအလိုက် Rubric ပုံစံဖြင့် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့်ဇယားကို နမူနာအဖြစ် အောက်ပါအတိုင်း ဖော်ပြထားပါသည်။



ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာဦးတည်ချက်ကို အခြေခံ၍ သင်ခန်းစာအားလုံး စစ်ဆေးအကဲဖြတ်ခြင်းများအား Rubric ပုံစံဖြင့် ဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကလေးများက သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်ပါအတိုင်း နားလည်သဘောပေါက်မှု အဆင့်ကို အကဲဖြတ်ရမည်။ စစ်ဆေးအကဲဖြတ်ခြင်း၏ ရလဒ်များကို အခြေခံ၍ သင်ကြားသင်ယူမှု နည်းလမ်းများကို ပြန်လည်ဆန်းစစ်ပြီး ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းသည် အရေးကြီးပါသည်။

ထို့ပြင် သင်ခန်းစာအသီးသီးရှိ Rubricပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းသည် အထက်တွင် ဖော်ပြထားသကဲ့သို့ ကလေးများ၏ သင်ယူမှုကို ပံ့ပိုးပေးရာ၌ အသုံးပြုနိုင်သည့်အပြင် ပညာရည်မှတ်တမ်း အမှတ်စာရင်းဖြည့်စွက်ရာတွင်လည်း မှီငြမ်းနိုင်ပါသည်။ ထိုသို့မှီငြမ်းရာတွင် သင်ခန်းစာများ၏ စစ်ဆေးအကဲဖြတ်ခြင်းရလဒ်ကို ခြုံငုံကြည့်ရှု၍ မှတ်တမ်းတင်ခြင်းသည် အလွန်အရေးကြီးပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အချက်များ

| | | | |
|---|---|---|---|
| သင်ခန်းစာ | အခန်း (၃) သင်ခန်းစာ (၄) ပန်းချီကားတစ်ချပ်ကို ပူးပေါင်းဖန်တီးခြင်း | | |
| သင်ယူမှုဦးတည်ချက် | မှတ်မိသောအကြောင်းအရာများကို စိတ်ကူးဖြင့် ပူးပေါင်းပုံဖော် ရေးဆွဲရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| ပန်းချီကားချပ်များကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ (ကျွမ်းကျင်မှု) | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးထားသော အကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | မှတ်မိသောအကြောင်းအရာများကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | အကြောင်းအရာများကို သဘာဝကျစွာ မရေးဆွဲနိုင်ခြင်း။ |
| ရေးဆွဲထားသောပန်းချီကားချပ်အား မည်ကဲ့သို့ပူးပေါင်းရေးဆွဲထားသည်ကို ရှင်းပြခြင်း။ (စိတ်ကူး) | မှတ်မိသောအကြောင်းအရာနှင့် စိတ်ကူးများအား ၂ ယောက် ပူးပေါင်း ရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ | မှတ်မိသောအကြောင်းအရာများအား ၂ ယောက် ပူးပေါင်း ရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ | ရေးဆွဲထားသည့် အကြောင်းအရာများကို မရှင်းပြနိုင်ခြင်း။ |

## Rubric **ပုံစံစစ်ဆေးအကဲဖြတ်ခြင်း နမူနာ**

| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) |
|---|---|---|
| ပန်းချီကားချပ်များကို သဘာဝကျစွာ ရေးဆွဲနိုင်ခြင်း။ | <br><br>အမှတ်တရရှိခဲ့သော ပင်လယ်ကမ်းစပ်မြို့လေးနှင့် ပင်လယ်ထဲ ငါးဖမ်းတုန်းက အမှတ်တရတို့ကို ပေါင်းစပ်ပြီး စိတ်ကူးထဲက ပင်လယ်ကြီးကို ရေးဆွဲထားပါတယ်။<br><br>ပင်လယ်က အရှေ့မှာ ရှိပြီး မြို့ကအနောက်ပိုင်း(အတွင်းပိုင်း)မှာရှိတဲ့ သဘာဝကျတဲ့ ရှုခင်းကို ရေးထားတယ်။ | <br><br>လယ်ယာစိုက်ခင်းနှင့် ပတ်သက်သော ကျောင်းသားတစ်ယောက်ရဲ့ အမှတ်တရကို ပြန်လည်ဖော်ထုတ် ရေးဆွဲထားသောပုံ။<br><br>လယ်ယာ စိုက်ခင်းက အရှေ့မှာရှိပြီး တောင်တန်းရဲ့အနောက်မှာ နေလုံးကွယ်နေတဲ့ပုံကို ရေးဆွဲထားတယ်။ |
| Feedback နမူနာ။ | အုပ်စုဝင်အားလုံး၏ အမှတ်တရတွေကို ပေါင်းစည်းပြီး အလွန်ပျော်ရွှင်စရာကောင်းတဲ့ ပင်လယ်ကမ်းစပ်က မြို့ပုံကလေးကို သဘာဝကျအောင် ဆွဲထားတယ်။ | မ၊ မောင် . . . . . . ရဲ့ အမှတ်တရတွေကို အခြေခံပြီး ကြီးမားတဲ့ ယာခင်းပုံတွေကို သဘာဝကျစွာ ရေးထားတယ်နော်။ တခြားသောအဖွဲ့ဝင်ရဲ့ အမှတ်တရကိုလည်း ဖြည့်ဆွဲကြည့်ရအောင်။ |

| သင်ခန်းစာ | အခန်း (၄) သင်ခန်းစာ (၇) မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း | | |
|---|---|---|---|
| သင်ယူမှုဦးတည်ချက် | သုံးခေါက်ချိုးမျက်လှည့်ရုပ်ပုံ ပြုလုပ်ပြီး ရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| မျက်လှည့်ရုပ်ပုံ ပြုလုပ်ခြင်း။ (ကျွမ်းကျင်မှု) | ရေးဆွဲထားသည့်ပုံအတိုင်း တိကျစွာ ညှပ်နိုင်ခြင်း။ | ရေးဆွဲထားသည့်ပုံကို ညှပ်နိုင်ခြင်း။ | မညှပ်နိုင်ခြင်း။ |
| မျက်လှည့်ရုပ်ပုံတွင် မည်သည်ကို ရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို ရှင်းပြခြင်း။ (စိတ်ကူး) | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကိုရေးဆွဲ၍ မည်ကဲ့သို့ ပြောင်းလဲအောင် ဖန်တီးထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ | မျက်လှည့်ရုပ်ပုံတွင် မည်သည်ကို ရေးဆွဲထားကြောင်း သို့မဟုတ် မည်ကဲ့သို့ပြောင်းလဲအောင် ဖန်တီးထားကြောင်းကို ရှင်းပြနိုင်ခြင်း။ | မရှင်းပြနိုင်ခြင်း။ |

| သင်ခန်းစာ | အခန်း (၅) သင်ခန်းစာ (၂) မြန်မာ့ပန်းပဲ၊ ပန်းရန်ပညာများကို လေ့လာခြင်း | | |
|---|---|---|---|
| သင်ယူမှုဦးတည်ချက် | မြန်မာ့ရိုးရာ ပန်းပဲအနုပညာနှင့် ပန်းရန်အနုပညာများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ရှင်းပြတတ်ရန်။ | | |
| စစ်ဆေးအကဲဖြတ်မည့်အချက် | အလွန်ကောင်း (A) | ကောင်း (S) | ကြိုးစားရန်လို (E) |
| ပန်းပဲ၊ ပန်းရန် အနုပညာလက်ရာများကို သိရှိပြီး ပြောပြခြင်း။ (ကျွမ်းကျင်မှု) | ပတ်ဝန်းကျင်ရှိ ပန်းပဲနှင့် ပန်းရန်အနုပညာလက်ရာများကို ပြောနိုင်ခြင်း။ | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာလက်ရာ တစ်ခုကိုသာ ပြောနိုင်ခြင်း။ | အနုပညာလက်ရာများကို မပြောနိုင်ခြင်း။ |
| ပန်းပဲ၊ ပန်းရန် အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောခြင်း။ (စိတ်ကူး) | ပန်းပဲနှင့် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ | ပန်းပဲ သို့မဟုတ် ပန်းရန်အနုပညာရပ်၏ အသုံးဝင်ပုံကို ပြောနိုင်ခြင်း။ | မပြောနိုင်ခြင်း။ |

DBE BOX